

# အပိုင်း (၁)

(၁၉၂၆ .... ခုနှစ်)

သူမ ... ကိုယ်လုံးပေါ် မှန်ရှေ့ ရပ်ရင်း ကျေနပ်စွာ ပြုံးလိုက်တယ်။ မှန်ထဲမှာ အထင်းသား မြင်ရတဲ့ သူမရဲ့ ခန္ဓာကိုယ်။

ပတ္တမြားတွေ ပြိုးပြိုးပြက်ပြက်လက်နေတဲ့ အင်္ဂလန်ဖြစ် ပိုးအင်္ကျီလေး။ ဒီနေ့ ... သူမရဲ့ မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တယ်။ လူတွေအားလုံး သူမရဲ့ ပတ္တမြားစီထားတဲ့ အင်္ကျီလေးကို ရင်သပ်ရှုမော ငေးကြည့်ခဲ့ကြတယ်။

အရေးပိုင် အရာပိုင်တွေရဲ့ ကတော်ကြီးတွေတောင် သူမအင်္ကျီလေးကို စာဖွဲ့ ချီးမွမ်းခဲ့ကြတယ်။

သူမ ... မှန်ထဲမြင်နေရတဲ့ အင်္ကျီလေးကို ကြည့်ရင်း မချွတ်ရက်လောက်အောင် ကြည်နူးနေမိတယ်။

“ဟာ ... ခင်က ခုထိ အဝတ်မလဲရသေးပါလား၊ အဝတ်မြန်မြန်လဲလေ၊ အရမ်းပင်ပန်းနေပြီ ... အိပ်ကြရအောင်”

သူမ ... ခင်ပွန်းသည် ကို စောင်းငဲ့ကြည့်ရင်း ...

“အင်းပါ အစ်ကိုရဲ့ ... ခင်လည်း မင်္ဂလာပွဲရော၊ ညစာစားပွဲပါ ဆက်သွားလို့ သိပ်ပင်ပန်းနေပြီ၊ ဒီအင်္ကျီလေးဝတ်ပြီး သေရမယ်ဆိုရင်တောင် သေပျော်ပါပြီ”

လို့ ပြောလိုက်တယ်။ သူမရဲ့ စကားကြောင့် ခင်ပွန်းသည် ဟာ မျက်နှာပျက်သွားပြီး ….

“ဘာတွေပြောနေတာလဲ ခင်၊ နိမိတ်မရှိလိုက်တာကွာ၊ မင်္ဂလာဦးညမှာ ဒီလိုစကားတွေ ဘာလို့ ပြောရတာလဲကွာ၊ မင်းရဲ့ အင်္ကျီမှာ တပ်ထားတဲ့ ပတ္တမြားထက် ပိုပြီး အရည်အသွေးကောင်းတဲ့ ပတ္တမြားတွေ ရှိတယ်၊ မင်းတစ်ကိုယ်လုံး ပတ္တမြားတွေ စီထားလို့ ရတယ် … သိရဲ့ လား ခင်”

လို့ ပြောတဲ့ အခါ သူမမျက်နှာ ညှိုးငယ်သွားတယ်။

“အဖိုးတန် ပတ္တမြား မြောက်မြားစွာစီပြီး ပိုးအင်္ကျီတွေ အများကြီးချုပ်လို့ ရတယ်၊ အမေတစ်ယောက်ရဲ့ မိခင်စိတ်အပြည့်နဲ့ ချုပ်ပေးထားတဲ့ အင်္ကျီတော့ ဖြစ်မလာနိုင်ပါဘူး …

အမေက ခင့်အတွက် သတို့ သမီးအင်္ကျီလေးကို အပင်ပန်းခံပြီး ကိုယ်တိုင်ချုပ်ပေးခဲ့တယ်၊ ဟောဒီအင်္ကျီလေးမှာ စီထားတဲ့ ပတ္တမြားတွေဟာ အမေတို့ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ခဲ့တဲ့ ပတ္တမြားတွေ ဖြစ်သလို … အင်္ကျီရဲ့ ပိုးစဟာ ခင့်ဘကြီး မြို့အုပ် အင်္ဂလန်သွားတုန်းက ဝယ်ခဲ့တဲ့ အစလည်း ဖြစ်တယ် …

ဒီထက်ပိုဆိုးတာက မေမေဟာ ဒီအင်္ကျီလေးကို နောက်ဆုံး လက်စသတ်တဲ့ နေ့မှာ ပဲ သေဆုံးခဲ့ရတယ်၊ ဒါကြောင့် ဒီအင်္ကျီလေးဟာ ခင့်အတွက် ဘယ်လိုမှ အစားထိုးလို့ မရနိုင်တဲ့ အရာတစ်ခုပဲ အစ်ကို … ခင့်ကို နားလည်ပေးပါ”

သူမရဲ့ စကားကြောင့် ခင်ပွန်းသည် ဟာ သက်ပြင်းချရင်း …

“ဟုတ်ပါပြီ ခင်ရယ် … အစ်ကို နားလည်ပါပြီ၊ ခင် ဒီအင်္ကျီလေးကို သိပ်ကြိုက်ရင် ပွဲတက်တဲ့ အခါတိုင်း ဝတ်လို့ ရတာပဲကွယ်၊ အခုတော့ ချွ

တ်လိုက်ပါတော့ကွာ၊ ဒီအချိန်ဟာ အစ်ကိုတို့ ရဲ့ မင်္ဂလာဦးညလေ”

လို့ ပြောလိုက်တယ်။ ခင်ပွန်းသည် ရဲ့ စကားကြောင့် သူမဟာ မှန်တင်ခုံရှေ့ကနေ ခွာလိုက်တယ်။

မင်္ဂလာခုတင်ကြီးရဲ့ အစွန်းမှာ ထိုင်ရင်း အင်္ကျီလဲဖို့ ပြင်လိုက်တယ်။ ဒီအချိန်မှာ ပဲ … အိပ်ခန်းတံခါးဟာ ဝုန်းခနဲ ပွင့်သွားတယ်။

*

## "ကြင်စဦးဇနီးမောင်နှံ ...
## ဘာဖြစ်ကြမလဲ ?"
## အပိုင်း (၂)

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူတို့ နှစ်ယောက်လုံး အံ့သြမှ င်တက်သွားကြတယ်။

မျက်နှာဖုံးစွပ်နဲ့ လူငါးယောက် ... ဓားရှည်ကိုယ်စီကိုင်ပြီး ဝင်လာကြပြီ။

မျက်နှာဖုံးသမားတွေဟာ အခန်းထဲ ပြေးဝင် လာပြီး သူတို့ ကို ဓားနဲ့ ရွယ်ထားကြတယ်။ ဒီအခါမှ သူတို့ နှစ်ယောက်လုံး အကြီးအကျယ် ထိတ်လန့်သွားမိတယ်။

"မင်း .... မင်းတို့ ဘယ်သူတွေလဲ၊ မင်းတို့ နဲ့ ငါ ဘာရန်ငြိုးရန်စမှ မရှိဘူး၊ အခန်းထဲက ထွက်သွားကြပါ"

ခင်ပွန်းသည် ရဲ့ စကားကြောင့် ဓားနဲ့ ရွယ်ထားတဲ့ လူက ...

"မင်္ဂလာဦးညမှာ ပွဲဖျက်လို့ ခဲဖိုးတောင်းတယ် ထင်လို့ လား၊ ဓားပြတိုက်နေတာဗျ ... ဓားပြတိုက်နေတာ၊ ကဲ သူဌေးကြီး ... မီးခံသေတ္တာ သော့ပေးစမ်း"

လို့ ရင်ဝကို ဓားထောက်ရင်း ပြောလာတယ်။

သူမနဲ့ ခင်ပွန်းသည် ဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရ

င်း ဖောချွေးပျံနေပြီ။

"အကြည်ဆိုက်မနေနဲ့ ... ဟောဒီဓားက ဗိုက်ထဲဝင်ရင် အသက်ထွက်မှာ နော် ... ပေးစမ်းဟေ့"

ဓားပြသမားရဲ့ ကြုံးဝါးသံကြောင့် ခင်ပွန်းသည် ဟာ မျက်နှာအကြီးအကျယ် ပျက်သွားတယ်။

ပြီးတော့ ... တုန်ယင်တဲ့ လက်အစုံနဲ့ ခေါင်းအုံးအောက်က သော့တွဲတစ်ခုကို လှမ်းနှိုက်လိုက်တယ်။

ဓားပြသမားက သော့တွဲကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။

သော့ကိုင်ထားတဲ့ လက်ကို တဆဆလုပ်ရင်းဟားတိုက်ရယ်မောလိုက်တယ်။

ရယ်မောသံရဲ့ အဆုံးမှာ တော့ ဓားကိုင်လက်ဟာ မြောက်တက်သွားပြီး ခင်ပွန်းသည် ရဲ့ ရင်ဝကို အားကုန်ထိုးစိုက်လိုက်တယ်။

"အမလေး ... သေပါပြီတော် ... ဟင် ... နင်တို့ ယုတ်မာလှချည်လား၊ ပစ္စည်းယူရုံတင် အားမရဘူး ... လူကိုပါ သတ်ပစ်တယ်၊ နင်တို့ကို ငါ ပြန်သတ်မယ်"

သူမ ... သွေးရူးသွေးတန်း အော်ဟစ်ရင်း ဖမ်းချုပ်ထားတဲ့ ဓားပြရဲ့ လက်ကို ကုတ်ခြစ်တွန်းထုတ်လိုက်တယ်။

"ဟာ ... ဒီမိန်းမ ... သေချင်လို့ ဓားတောင်းနေတယ်၊ ငါ့ကိုလုပ်တဲ့ ကောင်မ ... သေစမ်းကွာ"

ဓားပြဟာ ဒေါသတကြီး ကြုံးဝါးရင်း သူမခေါင်းကို ဓားနှောင့်ရိုးနဲ့ ရို

က်ချလိုက်တယ်။

သူမဟာ ပျော့ခွေသွားပြီး ကြမ်းပြင်ပေါ် ဘုန်းခနဲ လဲကျသွားတယ်။

ဓားပြတွေဟာ မီးခံသေတ္တာကို ရမ္မက်ဇောကြီးစွာနဲ့ ဖွင့်လိုက်ကြတယ်။

ငွေစက္ကူအထပ်လိုက်နဲ့ ရတနာဘူးကို မြင်တဲ့ အခါ ဓားပြတွေဟာ အလျင်အမြန်လုမ်းယူပြီး အိတ်ထဲ ထည့်လိုက်ကြတယ်။

အားလုံးပြီးတဲ့ အခါ ဓားပြတွေဟာ ထိုနေရာက ထွက်ဖို့ ပြင်လိုက်တယ်။

အခန်းဝရောက်တော့ ဓားပြခေါင်းဆောင်က နောက်ပြန်လှည့်ကြည့်ရင်း ...

"ဟိုနားမှာ အရောင်ဖျတ်ခနဲလက်သွားတာ ငါမြင်လိုက်တယ်၊ ဟေ့ကောင်တွေ ... သွားကြည့်စမ်း"

လို့ စေခိုင်းလိုက်တယ်။

ကျန်လူတွေဟာ ထိုနေရာကို သွားကြည့်တဲ့ အခါ ...

"ဒီမိန်းမကိုယ်က အရောင်တွေ လက်နေတယ် ဆရာကြီး"

လို့ တအံ့တသြ ရေရွတ်လိုက်ကြတယ်။

ဓားပြခေါင်းဆောင်ဟာ တပည့်တွေရဲ့ စကားကြောင့် စိတ်ဝင်တစားဖြစ်သွားတယ်။

ပြီးတော့ မေ့မြောနေတဲ့ အမျိုးသမီးရှိရာ လျှောက်သွားပြီး အနီးကပ်ကြည့်ရှုလိုက်တယ်။

အခန်းမီးရဲ့ အလင်းရောင်အောက် ... အမျိုးသမီးဝတ်ထားတဲ့

ပိုးအင်္ကျီဟာ အရောင်တဖျပ်ဖျပ်လက်နေတာ တွေ့လိုက်ရတယ်။

ဓားပြခေါင်းဆောင်ဟာ အင်္ကျီမှာ စီထားတဲ့ ကျောက်တွေကို စူးစိုက်ကြည့်ရင်း ...

"ငါတို့ ရထားတဲ့ ရတနာတွေထက် ... ဒီမိန်းမရဲ့ အင်္ကျီက ကျောက်တွေက ပိုပြီး အဖိုးတန်တယ်၊ မင်းတို့ ဒီအင်္ကျီကို ချွတ်လိုက်စမ်း၊ ပြီးရင် ကောင်မကို အပြတ်ရှင်းလိုက်"

*

“ပတ္တမြားဝိညာဉ် ...”
အပိုင်း (၃)

၁၉၇၀ ခုနှစ် ....

ဘောက်ဝက်ဂွန်ကားတစ်စီးဟာ ခြံဝင်းကျယ်တစ်ခုထဲ မောင်းဝင်ရင်း ဟွန်းကို အဆက်မပြတ်တီးလိုက်တယ်။

ခေတ်ဆန်ဆန် ခြယ်သထားတဲ့ အမျိုးသမီးတစ်ဦးဟာ တိုက်ကြီးထဲက ပြေးထွက်လာရင်း ...

“ယူ သိပ်နောက်ကျတာပဲ၊ မာမီတို့ ယူ့ကို စောင့်နေတာရော သတိရသေးရဲ့ လား”

ကားထဲက လူငယ်တစ်ဦး ထွက် လာပြီး မိန်းမပျိုကို လှမ်းဖက်လိုက်တယ်။

“ကားကို အမြန်မောင်းတာပဲ လေဒီရယ် ... ကားက စက်ခဏခဏ ရပ်သွားလို့ ကွ”

နှစ်ယောက်သား ပြောဆိုရင်း အိမ်ထဲဝင်ခဲ့ကြတယ်။

ဧည့်ခန်းထဲက ဆက်တီပေါ်မှာ တော့ အရွယ်နဲ့ မမျှအောင် ပြင်ဆင်ထားတဲ့ အမျိုးသမီးကြီးတစ်ဦး ခြေချိတ်ထိုင်ရင်း စီးကရက်ကို ဟန်ပါပါ ခဲနေတယ်။

လူငယ်ကို မြင်တဲ့ အခါ အမျိုးသမီးကြီးဟာ နံရံကပ် နာရီကြီးဆီ မျ

က်လုံးေငွ့ကြည့်ရင်း ...

“နောက်ကျလှချည်လား မောင်ရန်နိုင်၊ ငါ့သမက်လုပ်မယ့်လူက အချိန်ကို မလေးစားတာ ငါမကြိုက်ဘူး”

လို့ လေသံမာမာနဲ့ ပြောလိုက်တယ်။

လူငယ်ရဲ့ မျက်နှာ ပျက်ယွင်းသွားပြီး ဆက်တီမှာ ဝင်ထိုင်လိုက်တယ်။

“နောက်ကျတဲ့ အတွက် တောင်းပန်ပါတယ် အန်တီ ကျွန်တော့်ကိုခေါ်တဲ့ ကိစ္စကို ပြောပါ”

အမျိုးသမီးကြီးက မျက်နှာထိ မျက်နှာထားနဲ့ ...

“မင်းတို့ မင်္ဂလာပွဲကိစ္စကလွဲရင် ခေါ်စရာအကြောင်း မရှိဘူး၊ မနက်ဖြန် အမေရိကားမှာ ရှိတဲ့ ငါ့သားကြီးဆီလှမ်းပြီး မင်္ဂလာဝတ်စုံမှာ ရမယ်၊ အဲဒါ ... မင်းရဲ့ ကိုယ်တိုင်း လိုအပ်တယ်”

လို့ ပြောလိုက်တယ်။

လူငယ်က အမျိုးသမီးကြီးကို စူးစိုက်ကြည့်ရင်း ခေါင်းခါယမ်းလိုက်တယ်။

“ဒါတော့ မဖြစ်နိုင်ဘူး အန်တီ၊ ကျွန်တော်တို့ ဘက်က တင်တောင်းခဲ့တဲ့ တိုက်နဲ့ ကားကို အန်တီ လက်ခံခဲ့ပြီးပြီပဲ၊ အဲဒီတုန်းက ကျွန်တော်တို့ ဘက်က တောင်းဆိုစရာတစ်ခု ကျန်သေးတယ်လို့ အန်တီ့ကို ပြောခဲ့ပြီးပြီလေ .... ကျွန်တော်တို့ တောင်းဆိုမှာ က မင်္ဂလာဝတ်စုံကို စီစဉ်ချင်တယ် ... အဲဒါပဲ အန်တီ”

အမျိုးသမီးကြီးက ထိုင်ရာက ဆတ်ခနဲ ထရပ်လိုက်တယ်။ ပြီးတော့

လှောင်သလို ရယ်မောလိုက်ရင်း ...

"ဟင်း ... ဟင်း ... ဟင်း ... မင်္ဂလာဝတ်စုံကို မင်းတို့ ဘက်က စီစဉ်မယ် ... ဟုတ်လား၊ မင်းတို့ ဘက်က နိုင်ငံခြားအဆက်အသွယ်မှ မရှိဘဲကွဲ့၊ ကုန်သည် မျိုးရိုးက ဆင်မယ့်ဝတ်စုံဟာ ဖျင်အင်္ကျီနဲ့ ယောထဘီတော့ မဟုတ်လောက်ပါဘူးနော်၊ ငါ လုံးဝလက်မခံနိုင်ဘူးဟေ့"

အမျိုးသမီးကြီးရဲ့ အသံက အိမ်ကြီးထဲ ဟိန်းထွက်သွားတယ်။

လူငယ်က အံတင်းတင်းကြိတ်ရင်း ဆတ်ခနဲထရပ်လိုက်တယ်။

"ဒေါ်မ၂၁ အန်တီ ... အန်တီ့တောင်းဆိုချက်ကို ကျွန်တော်တို့လိုက်လျောပေးပြီးပြီ၊ ကျွန်တော်တို့ ဘက်က တောင်းဆိုတာကို အန်တီလက်ခံပေးပါ၊ ဒီမင်္ဂလာပွဲမှာ ကျွန်တော်က အဓိက သတို့ သားပါ၊ အခုဆို ဖိတ်စာတွေလည်း ရိုက်ပြီးနေပြီ၊ သတို့ သားမရှိတဲ့ မင်္ဂလာပွဲမျိုး အန်တီ့သမီး အဖြစ်ခံနိုင်သလားဆိုတာ ခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ပါဦး၊ ဒါပါပဲ အန်တီ ... ခွင့်ပြုပါဦး"

လူငယ်က ထိုသို့ပြောပြီး ချာခနဲ လှည့်ထွက်သွားတယ်။

"ကိုနိုင် ... ကိုနိုင် ... နေဦးလေ ကိုနိုင်"

*